ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန
(ကြေညာချက်အမှတ် ၃ /၂၀၂၂)
၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၉ ရက်)

အလုပ်သမားရေးရာ နစ်နာမှုအချက်အလက်ကောက်ယူရေးနှင့် တိုင်ကြားမှုယန္တရားတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို စစ်တပ်မှ တရားမဝင် အဓမ္မသိမ်းယူခဲ့ခြင်းကြောင့် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ရပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား ပြည်သူများ၊ စီပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပရှိ အလုပ်သမားများအနေဖြင့် လူမှုစီးပွားရေးနှင့် ဥပဒေပါအခွင့်အရေးများ များစွာ ထိခိုက်နစ်နာဆုံးရှုံးလျက်ရှိပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူစွမ်းအား အရင်းအမြစ်များပြုစုပျိုးထောင်ရန်၊ ပြည်တွင်း/ပြည်ပရှိ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်များနှင့်အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များအား ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရရှိခံစားစေရန်၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အဓိကဆောင်ရွက်ပေးရသော ဝန်ကြီးဌာနဖြစ်ပါသည်။

၃။ စစ်အာဏာရှင်လက်အောက်တွင်ထိခိုက်နစ်နာဆုံးရှုံးလျက်ရှိသော အလုပ်ရှင်၊ အလုပ်သမားတို့၏ ဥပဒေပါ ရပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များရရှိရန်၊ အလုပ်သမားရေး ပြဿနာများနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ခိုင်မာအားကောင်းသည့် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးတည်ဆောက်ရန်နှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရန် ရည်ရွယ်၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် စစ်အာဏာသိမ်းယူထားသည့် ကြားကာလတွင် အလုပ်သမားရေးရာ နစ်နာမှုအချက်အလက်ကောက်ယူရေးနှင့် တိုင်ကြားမှုယန္တရား (Complaint Mechanism) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါ တိုင်ကြားမှုယန္တရား ချောမွေ့အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရှင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားရေးရာ ဆောင်ရွက်နေသူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်လျက်ရှိရာ ပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

၅။ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တို့အား ဝန်ကြီးဌာနတွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်များ ရယူချိန်တွင် ထိုက်တန်သည့် ဂုဏ်ပြုမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ